ARAKAN LIBERATION PARTY

(Liberty) (Equality) (Fraternity)

# ဥက္ကဌကြီးခိုင်မိုးလင်းကျဆုံးသည့် ၃၂ – နှစ်မြောက် ရခိုင်အာဇာနည်နိန့် ထုတ်ပြန်ချက်

သက္ကရာဇ် ၂၀၀၉ ခု၊ ဇွန်လ (၄)ရက်နိသည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ဥက္ကဌကြီး နှင့် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်၏ ဖခင်ကြီး ခိုင်မိုးလင်းကျဆုံးသည့် (၃၂)နှစ်မြောက်နိပင်ဖြစ်ပါသည်။

ဤနိတွင် အကျွန်ုပ်တို့သည် ရခိုင်အာဇာနည်သူရဲကောင်းကြီးအား ဦးညွှတ်အလေးပြုလျက် သူမျှော်မှန်းခသည့် အဖရခိုင်ပြည်လွတ်လပ်ရေးပန်းတိုင်သို့ သူချမှတ်ထားခသည့် အောက်ပါလမ်းစဉ်နှင့်မူဝါဒများကို ကိုင်စွဲလျက် တသွေမတိမ်း ဆက်လက်ချီတက်လားမည်ဖြစ်ပါကြောင်း ကတိပြုအပ်ပါသည်။

* ရခိုင်ပြည်လွတ်မြောက်ရေးအတွက် လက်နက်ကိုင်တော်လှန်ရေးမှတပါး အခြားမဟိ။
* ရခိုင်ပြည်လွတ်မြောက်ရေးအတွက် ရခိုင့်တပ်မတော်ကိုတည်ဆောက်ကတ်။
* ရခိုင်ပြည်လွတ်မြောက်ရေးအတွက် ရခိုင်တမျိုးသားလုံး ရခိုင်မသားတယောက်တည်းပမာ စည်းလုံးကတ်။
* ရခိုင်ပြည်လွတ်မြောက်ရေးသည် ရခိုင့်အမျိုးသားစည်းလုံးညီညွတ်ရေးလက်ထဲတွင်အခိုင်အမာတည်ဟိသည်။
* ရန်သူ့ထံလက်မြှောက်အရှုံးပီးခြင်းသည် အဖိနှိပ်ခံပြည်သူများအပေါ် ခွင့်မလွှတ်နိုင်သော ရာဇဝတ်ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

ဤရခိုင်အာဇာနည်နိ အခါသမယတွင် ရခိုင်ပြည်သူတရပ်လုံးအား ကျွန်ုပ်တို့ ရခိုင်ပြည်လွတ်မြောက်ရေးပါတီအနေဖြင့် တိုက်တွန်းလိုသည်မှာ–

* ကျွန်ုပ်တို့ဆင်နွဲနီသည့် နယ်ချဲ့ဆန့်ကျင်ရေးရခိုင်ပြည်လွတ်မြောက်ရေးစစ်ပွဲတွင် ကျရာနီရာ၊ တတ်နိုင်သည့် အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကတ်ပါ။

*ရခိုင်ပြည်နှင့်ရခိုင်လူမျိုးအား အမှန်တကယ် အာမခံအကာအကွယ်ပီးနိုင်ရန်အတွက် ကျစ်လစ်ခိုင်မာအင်အားတောင့်တင်းသော ရခိုင့်မျိုးချစ်လက်နက်ကိုင်တပ်မတော်ကြီးတရပ်ကို တည်ဆောက်ရာ၌ ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပါဝင်ကတ်ပါ။

*ရခိုင်ပြည်ကိုမတရားကျူးကျော်အုပ်ချုပ်ထားသူနယ်ချဲ့အောက်သားအား ရခိုင်ရို့၏အမျိုးသားရန်သူအဖြစ် သတ်မှတ်ပြီး "အလုံးစုံတော်လှန်ရေး"ဆင်နွဲခြင်းဖြင့် ရခိုင်ရို့၏အမျိုးသားညီညွတ်ရေးကိုတည်ဆောက်ကတ်ပါ။

ရခိုင်ပြည်တော်လှန်ရေး မုချအောင်ရမည်! ရခိုင်ပြည်လွတ်လပ်ရမည်!

စည်းရုံးရေးနှင့်ပြန်ကြားရေးဌာန
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

ရက်စွဲ။ ဇွန်လ (၄)ရက်၊ ၂၀၀၉ ခု